Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

# စီမံအုပ်ချုပ်သူများမှ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်

အောက်ဖော်ပြပါစီမံအုပ်ချုပ်သူများ၏ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်များသည် မြန်မာသီလဝါ အက်(စ်) အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းကို အခြေခံထားခြင်းဖြစ်ပြီး ထိုဘဏ္ဍာရေးရှင်းတမ်းနှင့် အတူတွဲ၍ ဖတ်ရှုနိုင်ပါသည်။ အခြားငွေကြေးအနေဖြင့် ဖော်ပြထားခြင်းမရှိပါလျှင် ငွေပမာဏဖော်ပြချက် အားလုံးမှာ မြန်မာကျပ်ငွေဖြစ်ပါသည်။

အဆိုပါဘဏ္ဍာရေးရှင်းတမ်းအား မြန်မာဘဏ္ဍာရေး အစီအရင်ခံခြင်းဆိုင်ရာစံများ (MFRS)နှင့်အညီ ရေးဆွဲထားပြီး၊ ပြင်ပစာရင်းစစ်ဖြစ်သည့် ဝင်းသင်နှင့်အဖွဲ့မှ  စစ်ဆေးထားပြီး ဖြစ်ပါသည်။

ထို့အပြင် ဒါရိုက်တာအဖွဲ့အနေဖြင့် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ( ၂၀ ) ရက်နေ့တွင် အတည်ပြုပြီးဖြစ်ပါသည်။

## မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မင့်လီမိတက် (“MJTD”)

မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မင့်လီမိတက်ကို သီလဝါ အထူးစီးပွားရေးဇုန်တွင် တည်ရှိသည့် စက်မှု လုပ်ငန်းဇရိယာ ဖွံ့ဖြိုးရေး ၊ ဈေးကွက်တင်ရောင်းချခြင်း၊ နှစ်ရှည်ငှားရမ်းခြင်းနှင့် စက်မှုလုပ်ငန်းဇရိယာ လည်ပတ်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် တည်ထောင်ခဲ့ပါသည်။ မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မင့် လီမိတက်၏ မတည်ငွေရင်း ၄၁ ရာခိုင်နှုန်းကို ပိုင်ဆိုင်ပြီး ဒါရိုက်တာအဖွဲ့ဝင် ကိုးဦးအနက် လေးဦး နေရာရရှိထားပါသည်။

မြန်မာ-ဂျပန်သီလဝါ ဒီဗလော့မင့်လီမိတက်သည် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် အခြားမတည်ငြိမ်မှုများဖြစ်ပေါ်နေသော ကာလအတွင်း၌ပင် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွက် မြေရောင်းချခြင်းမှ အသားတင်အမြတ်ငွေ အမေရိကန်ဒေါ်လာ ၃.၃  သန်းရရှိခဲ့ပါသည်။ မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မင့်လီမိတက်နှင့်ဆက်စပ်၍ မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်နှင့် သက်ဆိုင်သော အမြတ်ဝေစုပမာဏမှာ အမေရိကန်ဒေါ်လာ ၁.၃ သန်း ဖြစ်ပါသည်။

## သီလဝါ ပရောပါတီး ဒက်ပလော့မန့်လီမိတက် (“TPD”)

သီလဝါ ပရောပါတီးဒီဗလော့မန့် လီမိတက်ကို သီလဝါအထူးစီးပွားရေးဇုန်တွင် တည်ရှိသည့် လူနေအိမ်ရာနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများ  တည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်းနှင့် နှစ်ရှည်ငှားရမ်းခြင်းလုပ်ငန်းများ လုပ်ဆောင်ရန် တည်ထောင်ခဲ့ပါသည်။ သီလဝါ ပရောပါးတီး ဒီဗလော့မန့်လီမိတက်ကို သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီကုမ္ပဏီ (“TSMCC”)နှင့် ဖက်စပ်ဖွဲ့စည်းတည်ထောင်ထားပြီး၊  သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီကုမ္ပဏီ (“TSMCC”)မှ

အစုရှယ်ယာ (၂၀) ရာခိုင်နှုန်းနှင့် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ (၈၀) ရာခိုင်နှုန်း အသီးသီးပိုင်ဆိုင်ကြပါသည်။

သီလဝါ ပရောပါးတီး ဒီဗလော့မန့်လီမိတက်သည် အိမ်ခြံမြေဈေးကွက် နှေးကွေးကျဆင်းနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးဆက်ပြန့်ပွားနေသော ကာလအတွင်း၌ပင် အသားတင်အမြတ် ၁.၄၄ ဘီလီယံ ရရှိခဲ့ပါသည်။

**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ("MTSH")**

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ၂၀၁၃ ခုနှစ်၊ မေလ (၃) ရက်နေ့တွင် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အများပိုင်ကုမ္ပဏီ တစ်ခုဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်၊ မေလ (၂၀) ရက်နေ့တွင် ရန်ကုန်စတော့အိပ်ချိန်းတွင် ဒုတိယမြောက် စာရင်းဝင်သည့်ကုမ္ပဏီတစ်ခု ဖြစ်လာခဲ့ပါသည်။

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် စီမံအုပ်ချုပ်မှုနှင့် တွဲဖက်လုပ်ငန်းမှ ရသည့်အမြတ်ငွေများမှ အသားတင်အမြတ်ငွေ ကျပ် ၆.၉၉ ဘီလီယံ ရရှိခဲ့ပြီး ငွေလဲလှယ်နှုန်းကြောင့် ပြောင်းလဲမြင့်တက်သွားသည့် ငွေတန်ဖိုးပမာဏမပါဝင်သော အမြတ်မှာငွေ ကျပ် ၃.၅၀ ဘီလီယံဖြစ်ပါသည်။

**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့်၎င်း၏ လက်အောက်ခံကုမ္ပဏီ ("MTSH အုပ်စု")**

**ဘဏ္ဍာရေးရှင်းတမ်း၏ ဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်းပေါင်းချုပ်**

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အရ ကုမ္ပဏီ၏ ဝင်ငွေမှာ ကျပ်၂.၉၅ ဘီလီယံဖြစ်ပြီး၊ ယခင်ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက အနည်းငယ်တိုး တက်မှုရှိခဲ့ပါသည်။ အကြမ်းအမြတ်ပါ တိုးလာရခြင်းမှာ အဓိကအားဖြင့် မြေရောင်းချခြင်းနှင့် လူနေအိမ်ရာနှင့် စီးပွားဖြစ် ဧရိယာများမှ လျှပ်စစ်မီး၊ ရေစသည့် အထွေထွေအသုံးပြုမှုများမှ ဝင်ငွေများတိုးတက်လာခြင်းတို့ကြောင့်ဖြစ်သည်။

ဖက်စပ်လုပ်ငန်းဖြစ်သည့် မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မင့်လီမိတက်မှရရှိသော အမြတ်မှာ ငွေကျပ် ၂.၆ဘီလီယံ ဖြစ်ပါသည်။ ၎င်းရလဒ်သည် လက်ရှိဖြစ်ပေါ်နေသော မြန်မာနိုင်ငံ၏ အခြေအနေများနှင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း၌ပင် မူလရည်ရွယ်ထားသည့် အမြတ်ငွေထက် သာလွန်ကောင်းမွန်သောရလဒ်ကို ရရှိခဲ့ပါသည်။

အထက်ဖော်ပြပါအချက်အလက်များအား ခြုံငုံသုံးသပ်ကြည့်ပါက ရှယ်ယာတစ်စု၏ အခြေခံဝင်ငွေသည် ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်တွင် (၁၂၁) ကျပ်မှ ၂၀၂၁ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်တွင် (၂၁၈)ကျပ် အထိမြင့်တက်လာပါသည်။

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

| | ပြောင်းလဲချက် | ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ရက် (၃၀) (ကျပ်သန်းပေါင်း) | ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ရက်(၃၀) (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ဝင်ငွေ | ▲ | ၂,၉၄၈ | ၂,၄၈၉ |
| ဝင်ငွေအပေါ် မူရင်းကုန်ကျစရိတ် | ▼ | (၉၆၂) | (၁,၃၀၃) |
| **အကြမ်းအမြတ်** | ▲ | **၁,၉၈၆** | **၁,၁၈၆** |
| အရောင်းနှင့် စီမံအသုံးစရိတ် | ▼ | (၁,၇၆၈) | (၂,၃၂၁) |
| တွဲဖက်လုပ်ငန်းမှ ရသည့်အမြတ်ငွေ | ▼ | ၂,၅၈၁ | ၈,၆၂၈ |
| **လုပ်ငန်းလည်ပတ်မှုအမြတ်ငွေ** | ▼ | **၂,၇၉၉** | **၇,၄၉၄** |
| အခြားနည်းလမ်းမှရသည့်ဝင်ငွေ | ▲ | ၁,၅၈၇ | ၇၂၈ |
| နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှု အမြတ်/ အရှုံး | ▲ | ၄,၆၃၈ | (၃,၆၄၅) |
| **အခွန်လျာထားခြင်း မပြုမီ စုစုပေါင်းအမြတ်** | ▲ | **၉,၀၂၄** | **၄,၅၇၇** |
| ဝင်ငွေခွန် | ▲ | (၁၇၈) | (၀) |
| **အသားတင်အမြတ်** | ▲ | **၈,၈၄၆** | **၄,၅၇၇** |

| | | | |
|---|---|---|---|
| အကြမ်းအမြတ်ရာခိုင်နှုန်း | ▲ | ၆၇% | ၄၈% |

| | | | |
|---|---|---|---|
| ရှယ်ယာတစ်စောင်၏အခြေခံဝင်ငွေ (ကျပ်) | ▲ | ၂၁၈ | ၁၂၁ |

## ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့တွင် ကုန်ဆုံးသည့် ကုမ္ပဏီအုပ်စု၏ လက်ကျန်ရှင်းတမ်းအနှစ်ချုပ်

လက်ငင်းရပိုင်ခွင့်မြင့်တက်ခဲ့ခြင်း၏ အဓိကအကြောင်းအရင်းမှာ မရောင်းရသေးသော လက်ကျန်မြေများပေါ်တွင် မပေါ်ပေါက်ခဲ့သော အမြတ်စာရင်းညှိနှိုင်းမှုကြောင့်ဖြစ်ပါသည်။ လက်ငင်းမဟုတ်သော ရပိုင်ခွင့်တိုးမြင့်လာမှုသည် ရင်းနှီးမြှုပ်နှံမှု အဆောက်အဦး ပမာဏလျှော့ကျခြင်း၊ တစိတ်တပိုင်းအားဖြင့် တွဲဘက်လုပ်ငန်း၏ ခွဲဝေမှုမပြုရသေးသော အမြတ်ငွေပမာဏများကြောင့် တွဲဘက်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံသည့်ပမာဏ မြင့်တက်သွားခြင်းတို့၏ အသားတင်ရလဒ်တို့ကြောင့်ဖြစ်ပါသည်။

လက်ငင်းပေးရန်တာဝန် တိုးလာရခြင်း၏ အဓိကအကြောင်းအရင်းမှာ အမြတ်ဝေစုပေးရန်ရှိသော အထူးအကောင့်ပိုင်ရှင်များမှ လာရောက်ထုတ်ယူခြင်းမရှိသေးသောကြောင့်ဖြစ်ပါသည်။

လက်ငင်းမဟုတ်သော ပေးရန်တာဝန် ကျဆင်းခဲ့ခြင်းမှာ မြေရောင်းခြင်းအတွက် ကြိုတင်အပ်ငွေစာရင်းမှ မြေရောင်းချခြင်းအတွက် ဝင်ငွေစာရင်းသို့ စာရင်းပြောင်းရေးသွင်းခြင်းကြောင့်ဖြစ်ပါသည်။

ကုမ္ပဏီ၏ အမြတ်လက်ကျန်ငွေမှာ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကျပ် ၁.၅ ဘီလီယံ တိုးတက်ရရှိခဲ့ပြီး၊ ယင်းသို့ တိုးတက်ရရှိခဲ့ခြင်းမှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ အစုရှင်များနှင့်ဆိုင်သော အမြတ်ငွေ ကျပ် ၈.၅ ဘီလီယံရရှိခဲ့ခြင်းနှင့် ၂၀၂၁ခုနှစ်၊ ဧပြီလတွင် အမြတ်ဝေစုအဖြစ်ငွေ ကျပ် ၇ ဘီလီယံအား ထုတ်ဝေပေးခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

**ကျပ်သန်းပေါင်း**

| | ပြောင်းလဲချက် | ၂၀၂၁ ခုနှစ် ၊ စက်တင်ဘာလ (၃၀) ရက် | ၂၀၂၀ ပြည့်နှစ် ၊ စက်တင်ဘာလ (၃၀) ရက် |
|---|---|---|---|
| **ရပိုင်ခွင့်များ** | | | |
| လက်ငင်းရပိုင်ခွင့်များ | ▼ | ၄၄,၂၃၂ | ၄၄,၅၇၂ |
| လက်ငင်းမဟုတ်သောရပိုင်ခွင့်များ | ▲ | ၄၈,၅၃၂ | ၄၆,၉၃၂ |
| **စုစုပေါင်းရပိုင်ခွင့်များ** | ▲ | **၉၂,၇၆၄** | **၉၁,၅၀၄** |
| **ပေးရန်တာဝန်များ** | | | |
| လက်ငင်းပေးရန်တာဝန်များ | ▲ | ၂,၃၂၂ | ၁,၈၅၀ |
| လက်ငင်းမဟုတ်သောပေးရန်တာဝန်များ | ▼ | ၁,၂၃၅ | ၂,၂၈၆ |
| **စုစုပေါင်းပေးရန်တာဝန်များ** | ▼ | **၃,၅၅၇** | ၄,၁၃၆ |
| **အသားတင်ရပိုင်ခွင့်များ** | ▲ | **၈၉,၂၀၇** | **၈၇,၃၆၈** |
| **ရင်းနှီးငွေ** | | | |
| ထုတ်ဝေပြီး မတည်ငွေ | - | ၃၈,၉၂၉ | ၃၈,၉၂၉ |
| စုဆောင်းပြီး အမြတ်လက်ကျန် | ▲ | ၄၂,၃၈၅ | ၄၀,၉၀၅ |
| အခြားအကျိုးခံစားခွင့်ဆိုင်ရာများ | ▲ | ၇,၈၉၃ | ၇,၅၃၄ |
| **စုပေါင်းရင်းနှီးငွေ** | ▲ | **၈၉,၂၀၇** | **၈၇,၃၆၈** |

**အနာဂတ်အလားအလာ**

မြန်မာနိုင်ငံတွင် ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ နိုင်ငံရေးနှင့် စီးပွားရေး မငြိမ်မသက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိပြီး၊ မြန်မာသီလဝါ အက်(စ်) အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံ ကုမ္ပဏီများသည် အခက်အခဲများ အားလုံးကို အကောင်းဆုံး ကြိုးပမ်းကျော်ဖြတ်လျက်ရှိပါသည်။ ကုမ္ပဏီ၏ လုပ်ငန်းများကို ရေရှည်တည်တံ့နိုင်ရန် စီမံခန့်ခွဲနိုင်ခဲ့သောကြောင့် အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားကိုလည်း ကာကွယ်နိုင်ခဲ့ပါသည်။ မိမိတို့၏ စက်မှုဇုန်အတွင်း မြေရောင်းချမှုသည် နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအပေါ် မှီခိုအားထားနေရသည်ဖြစ်ရာ သီလဝါအထူးစီးပွားရေးဇုန်အတွင်း မြေရောင်းချမှုများသည် လာမည့်နှစ်ကာလများတွင် အနည်းဆုံးဖြစ်မည်ဟု ခန့်မှန်းထားပါသည်။ သို့သော်လည်း သီလဝါအထူးစီးပွားရေးဇုန်အတွင်း လက်ရှိလုပ်ငန်းများလည်ပတ်ဆောင်ရွက်နေသည့် စက်ရုံများအား ထောက်ပံ့ပေးနေသည့် ရေနှင့်လျှပ်စစ်ဓာတ်အားအသုံးပြုမှုများမှ ရရှိလာမည့် ဝင်ငွေများကြောင့် MJTD သည် ဆက်လက်တည်တံ့နေမည်ဖြစ်ပါသည်။

သီလဝါ ပရောပါတီးဒီဗလော့မန့် လီမိတက်သည် လာမည့်နှစ်တွင် စိန်ခေါ်မှုအများဆုံးကာလဖြစ်မည်ဟု ယူဆပြီး၊ လူနေအိမ်ရာနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ၏ အောင်မြင်မှုများသည် အဓိကအားဖြင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများအပေါ် မှီခိုရမည့်ကာလဖြစ်လာနိုင်ပါသည်။ စားသောက်ဆိုင်များ ၊ ဆိုင်ခန်းများနှင့် ဈေးဝယ်ဧရိယာများကို ထပ်မံတိုးချဲ့ရန် ယခင်ကစီစဉ်ထားခဲ့သော်လည်း ကိုဗစ်ဖြစ်ပွားနေသည့် ကပ်ရောဂါကာလနှင့် စီးပွားရေးဆိုင်ရာ ကန့်သတ်ချက်များကြောင့် အဆင်မပြေမှုများရှိသည့်အတွက် ယခုကာလတွင် ရွှေ့ဆိုင်းထားပါသည်။

မြန်မာသီလဝါ အက်(စ်) အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ကြို့ကုန်းအိမ်ယာ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်းကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၅) ရက်နေ့တွင် တင်ဒါအောင်မြင်ခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၆) ရက်နေ့တွင် ပန္နက်တင်မင်္ဂလာခမ်းအနားကို ကျင်းပခဲ့ပါသည်။ အဆိုပါ စီမံကိန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံခွင့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရရှိတော့မည်ဖြစ်ပြီး၊ စီမံကိန်းကို (၃) နှစ်မှ (၇) နှစ်အတွင်း အကျိုးအမြတ်ပြန်လည်ရရှိနိုင်မည့် ရေတို–ရေရှည်ကြားကာလအတွင်း ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာသီလဝါ အက်(စ်) အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများကို ရေရှည်တည်တံ့စေရန် ဆက်လက်စီမံခန့်ခွဲဆောင်ရွက်သွားမည်ဖြစ်ပြီး၊ လုပ်ငန်းပိုင်းဆိုင်ရာ စီမံကိန်းများ တိုးချဲ့ဆောင်ရွက်ချက်များအား ကုမ္ပဏီ၏ ဂုဏ်သတင်း၊ ဘဏ္ဍာရေးအခြေအနေနှင့် ကပ်ရောဂါကူးစက် ပြန့်ပွားမှုများကို ကျော်လွှား၍ ဆုံးရှုံးနိုင်ခြေ ဆိုင်ရာများကို အထူးဂရုပြုဆောင်ရွက်လျက်ရှိပါသည်။ ကုမ္ပဏီအနေဖြင့် တာဝန်ယူမှုရှိသော စီးပွားရေးဆိုင်ရာကျင့်ဝတ်များဖြစ်သည့် OECD လမ်းညွှန်ချက်များကိုလည်း လိုက်နာကျင့်သုံးသွားမည်ဖြစ်ပါသည်။